# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 9 , 2024 Volume 77, Number 7

၉.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၄၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၄၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၆.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၆.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၃၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၉၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၁.၉၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၆၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ဆူးလေဆိပ်ခံတံတားအမှတ် ၆ (SPW-6) မှ MV. MANTA HATICE သင်္ဘောဖြင့် ပြောင်းဖူးစေ့ တန်ချိန် ၂၅,၀၀၀ အား ဖိလစ်ပိုင်နိုင်ငံသို့ လည်းကောင်း၊ TMT ဆိပ်ကမ်းမှ MV. TAY SON-4 သင်္ဘောဖြင့် ပြောင်းဖူးစေ့ တန်ချိန် ၁၂,၇၀၀ အား ထိုင်းနိုင်ငံသို့လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း (MIP-2) MV. SEIYO HARMONY သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇,၅၀၀ အား အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ MHM ဆိပ်ကမ်းမှ MV. MCL-20 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂,၇၀၀ အား ထိုင်းနိုင်ငံသို့ လည်းကောင်း အသီးသီးတင်ပို့သွားမည်ဖြစ်သည်။

၎င်းအပြင် MITT-1 ဆိပ်ကမ်းမှ MV.MAERSU DAVAO သင်္ဘောသည် ၈-၄-၂၀၂၄ ရက်နေ့တွင် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ နှမ်း၊ ပြောင်း၊ ရော်ဘာနှင့်အထွေထွေကုန်များကို ကုန်သေတ္တာ ၆၂၁ လုံးဖြင့် မလေးရှားနိုင်ငံသို့လည်းကောင်း၊ AWPT ဆိပ်ကမ်းမှ MV. SITC CHENMING သင်္ဘောသည် ၈-၄-၂၀၂၄ ရက်နေ့တွင် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ ချုပ်ပြီး အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ ပြောင်းနှင့်ရော်ဘာများကို ကုန်သေတ္တာ ၅၃၃ လုံးဖြင့် ဗီယက်နမ်နိုင်ငံသို့လည်းကောင်း တင်ဆောင်ပြီးထွက်ခွာမည်ဖြစ်သည်။

အလားတူ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် MHM ဆိပ်ကမ်းမှ MV.MCL- 8 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂,၇၀၀ အား ထိုင်းနိုင်ငံသို့လည်းကောင်း၊ MHM

ဆိပ်ကမ်းမှ MV. MCL- 7 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂,၇၀၀ အား ထိုင်းနိုင်ငံသို့လည်းကောင်း၊ ဧပြီလ ၁၀ ရက်နေ့တွင် AIPT-3 ဆိပ်ကမ်းမှ MV. RAINBOW SYMPHONY သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၆,၆၀၀ အား ဖိလစ်ပိုင်နိုင်ငံသို့လည်းကောင်း ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ကလည်း SPW-3 ဆိပ်ကမ်းမှ MT. TURAN C သင်္ဘောဖြင့် ဆန် တန်ချိန် ၁၂,၀၀၀ အား စပိန်နှင့်ကင်မရွန်းနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## ဖျာပုံနယ်ထွက် ပုစွန်မျိုးစုံပိဿာချိန် တစ်သိန်းနီးပါး ရန်ကုန်ဈေးကွက်သို့ တစ်လအတွင်းဝင်ရောက်



ပြီးခဲ့သည့် မတ်လတွင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပုစွန်မျိုးစုံ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၏ ပြောပြချက်အရ သိရသည်။

ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းများသည် ဒေသမှထွက်ရှိသည့် ပုစွန်များကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြခြင်းဖြစ်သည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဈေးနှုန်းများမှာ ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၆,၅၀၀ မှ ၁၈,၅၀၀၊ ပုစွန်ဆိတ်သေး တစ်ပိဿာလျှင် ငွေကျပ် ၁၄,၅၀၀ မှ ၁၆,၅၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၆,၅၀၀ မှ ၁၇,၅၀၀၊ ပုစွန်တုပ် တစ်ပိဿာလျှင် ငွေကျပ် ၃၀,၅၀၀ မှ ၃၅,၅၀၀ စသည်ဖြင့် အရွယ်အစားအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် ပုစွန်မျိုးစုံပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=154815

## ပြည်ပသို့ ကော်ဖီတန် ၂၀၀၀ တင်ပို့မှု ယခုလ စတင်မည်

ယခုနှစ်မှာ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံတွေထံ ကော်ဖီတန်ချိန် ၂၀၀၀ ခန့် တင်ပို့ရောင်းချဖို့ရည်မှန်းထားပြီး ယခုဧပြီလအတွင်း တင်ပို့မှုစတင်သွားမယ်လို့ မြန်မာနိုင်ငံကော်ဖီအသင်းကနေ သိရပါတယ်။

နှစ်စဉ်ကော်ဖီတန်ချိန် ၈၀၀၀ ကနေ ၁၀,၀၀၀ အကြားထွက်ရှိပြီး ပြည်ပကိုတော့ ထွက်ရှိမှုစုစုပေါင်းရဲ့ ၇၅ ရာခိုင်နှုန်းအထိ တင်ပို့နေတာလည်း ဖြစ်ပါတယ်။ ပြည်ပဈေးကွက်တွေမှာ မြန်မာ့ကော်ဖီတွေရဲ့ အရည်အသွေးနဲ့ အမျိုးအစားအလိုက် ကော်ဖီတစ်တန်ကို ဒေါ်လာ ၅၅၀၀ ကနေ ဒေါ်လာ ၈၃၀၀ ခန့်အထိ ဈေးရရှိနေပါတယ်။

ကော်ဖီကို ရှမ်းပြည်နယ်မှာ အများဆုံးစိုက်ပျိုးပြီး မန္တလေး၊ မကွေး၊ တနင်္သာရီ၊ ရေဝတီ၊ ကရင်နဲ့ ချင်းပြည်နယ်တို့မှာလည်း စိုက်ပျိုးကြပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ ကော်ဖီစိုက်ပျိုးဧက ၅၀,၀၀၀ ကျော်ရှိပြီး Arabica ကော်ဖီကို ဧက ၃၈,၀၀၀ ကျော်၊ Robusta ကော်ဖီကို ဧက ၁၂,၀၀၀ ကျော် စိုက်ပျိုးနေပါတယ်။

ကော်ဖီကို မြန်မာနိုင်ငံမှာ နှစ်စဉ်နိုဝင်ဘာလကနေ ဖေဖော်ဝါရီလအထိဆွတ်ခူးလေ့ရှိပြီး ပြည်ပဈေးကွက်ကိုတော့ ဧပြီလမှာ စတင်တင်ပို့ရောင်းပေးသွားမှာပါ။ ယခုနှစ် ကော်ဖီစိုက်ပျိုးချိန်မှာ ရာသီဥတုကောင်းမွန်ခဲ့လို့ အထွက်နှုန်းကောင်းပြီး ဖောက်သည်ဈေးကွက်တွေထံ တန်ချိန် ၂၀၀၀ အထိ တင်ပို့ရောင်းချဖို့ ပြင်ဆင်နေတာလို့ အသင်းတာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။

၂၀၂၃ ကော်ဖီရာသီဦးကာလတွေဖြစ်တဲ့ ဧပြီ၊ မေ၊ ဇွန်လတို့မှာ နယ်စပ်ကနေ တရုတ်နဲ့ထိုင်းနိုင်ငံကို ကော်ဖီတန်ချိန် ၁၅၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်းကနေတော့ ဥရောပ၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ အခြားသောအာရှနိုင်ငံတွေထံ တန် ၈၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။

မြန်မာ့ကော်ဖီဈေးကွက်အနေနဲ့ Arabica ကော်ဖီကို ပြည်ပဖောက်သည်တွေထံ အဓိကဦးတည် တင်ပို့ရောင်းချပြီး Robusta အမျိုးအစားကိုတော့ ပြည်တွင်းဈေးကွက်ထဲ ရောင်းချပေးလျက်ရှိပါတယ်။

ယခုနှစ် ကော်ဖီရာသီမှာ အမေရိကန်၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ ထိုင်းနဲ့တရုတ်နိုင်ငံတွေကို တင်ပို့ရောင်းချသွားမယ်လို့ မြန်မာနိုင်ငံကော်ဖီအသင်းက ပြောကြားထားပါတယ်။

**Source: BETV Business**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁-၄-၂၀၂၄ မှ ၅-၄-၂၀၂၄) ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူ ကုန်စည်ဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက် လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၆၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၃၀၀၀၊ မြစ်သားလတ်ကြီး ကျပ် ၃၀၀၀၊ မြစ်သားလတ်သန့် ကျပ် ၂၈၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်နီများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၉၅ စီး(၁,၁၇၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၈၅ စီး (၁,၁၁၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၀ စီး ( ၆၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြို့ကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြို့ကုတ်ရှယ် ကျပ် ၁၀,၅၀၀၊ အောင်ပန်း ထူး-၂ ကျပ် ၇၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၇၈၀၀၊ အောင်ပန်းထူး-၄ ကျပ် ၈၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၅၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြို့ကုတ်ရှယ် ကျပ် ၁၀၀၊ အောင်ပန်းထူး-၂ ကျပ် ၄၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၇၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၁၀၀ (၁၂၃,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၄၇၀၀ (၁၄၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၆၀၀ (၁၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## မန္တလေးသီရိမာလာကုန်စိမ်းဈေးတွင် ဘန့်ဘွေးဘက်မှ ဝင်ရောက်လာသည့်အာလူးများ အရောင်းအဝယ်ကောင်းနေ

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းတွင် ဘန့်ဘွေးဘက်မှထွက်ရှိပြီး ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍သိရသည်။

ဘန့်ဘွေးဘက်မှ ထွက်ရှိသည့် အာလူးများသည် လက်ရှိတွင် မန္တလေးသီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား လေးစီးမှငါးစီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိဈေးနှုန်းများမှာ အာလူးတစ်ပိဿာလျှင် အမျိုးအစားအလိုက် ငွေကျပ် ၁၂၀၀၊ ၁၃၀၀ ဖြင့် ရောင်းချနေကြောင်းသိရသည်။

“လက်ရှိမှာတော့ အာလူးက ဘန့်ဘွေးဘက်ကပဲထွက်ရှိပြီး ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသကထွက်ရှိတဲ့ အာလူးတွေက အဝင်နည်းသွားပါပြီ။ အာလူးစိုက်ပျိုးတဲ့ တောင်သူတွေက အခုနောက်ပိုင်းမှာ ရာသီဥတုအခြေအနေကြည့်ပြီးတော့ စိုက်ပျိုးလာတာကြောင့် နည်းသွားပါတယ်။ ဈေးကွက်မှာ အာလူးကအဝင်နည်းသွားပြီး ပစ္စည်းပြတ်လပ်တာကြောင့် အားလူးတွေက အရောင်းအဝယ်တွေကောင်းနေပါတယ်။ အာလူးက အလုံးသန့်ရင်သန့်သလို ဈေးကောင်းရပါတယ်။

သင်္ကြန်ကာလ နီးလာပြီဆိုတော့ ဈေးကွက်အတွင်းမှာ ကုန်စိမ်းသီးနှံတွေ အရောင်းအဝယ်ကောင်းနေကြပါတယ်” ဟု အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁-၄-၂၀၂၄ မှ ၅-၄-၂၀၂၄) အတွင်း ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၀၄၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၂၈၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကျပ် ၃,၈၀၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC(2024 Crop) ကျပ် ၇၂,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၈၇,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၁၂၀,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၁၀ လုံး (တန်ချိန် ၅၀၄၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၅၀ လုံး (တန်ချိန် ၃၆၀၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၀ လုံး (တန်ချိန် ၁၄၄၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop) ကွန်တိန်နာ ၁၀လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရွေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရွေတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲရွေတ်(သစ်) AC ကျပ် ၅၅၀၀၊ မြားနီ ကျပ် ၅၂၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၉၅၀၀ နှင့် မြစ်ဝပု ကျပ် ၉၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲရွေတ်(သစ်) AC ကျပ် ၃၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရွေတ်ရှည်အိတ်ပေါင်း ၉,၄၀၀ (၁၈၈,၀၀၀ ပိဿာ) နှင့် ရွေတ်ပု အိတ်ပေါင်း ၂,၀၀၀ (၃၀,၀၀၀ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရွေတ်ရှည်အိတ်ပေါင်း ၉,၀၀၀ (၁၈၀,၀၀၀ ပိဿာ) နှင့် ရွေတ်ပုအိတ်ပေါင်း ၁,၉၀၀ (၂၈,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရွေတ်ရှည်အိတ်ပေါင်း ၄၀၀ (၈၀၀၀ ပိဿာ) နှင့် ရွေတ်ပုအိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၅၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၄၆၀၀ နှင့် မန်ကျည်းသီး ရမည်းသင်းဒါးဇင်း ကျပ် ၃၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလှိုင်(ဒုံး) ကျပ် ၄,၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄,၅၀၀၊ ပခုက္ကူကြမ်း ကျပ် ၄,၂၀၀၊ ရေစကြို ထန်းလျက်(ချော)ကျပ် ၅,၅၀၀၊ ကြံသကာ ကျပ် ၄,၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄,၄၇၀ ဈေးအသီးသီးဖြစ်ခဲ့ သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပြည်ပမှပဲစင်းငုံ တင်သွင်းလျက်ရှိသော်လည်း အိန္ဒိယပြည်တွင်း၌ ဈေးနှုန်းဆက်လက်မြင့်မားနေ

အိန္ဒိယနိုင်ငံတွင် စားသုံးမှုအများဆုံး ပဲတစ်မျိုးဖြစ်သည့် ပဲစင်းငုံသည် ၁ ကီလိုဂရမ်လျှင် ၁၅၀ ရူပီးနှုန်းဖြင့် ပဲမျိုးစုံ လက်လီဈေးကွက်၌ ဈေးနှုန်းအမြင့်ဆုံးသို့ ရောက်ရှိနေသော်လည်းကောင်းမွန်စွာ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး လာမည့်မုတ်သုံ ရာသီ အခြေအနေခန့်မှန်းချက်ကို ရှင်းလင်းစွာသိရှိနိုင်မည့် ဇွန်-ဇူလိုင်လများအထိ ဈေးအမြင့်တန်းတွင် ဆက်လက်တည်ရှိ နေမည်ဟု ကုန်သည်များကပြောဆိုကြောင်း Indian Express သတင်းဌာနက ဖော်ပြသည်။



အထွေထွေခွင့်ပြုမိန့် (Open General License– OGL) အောက်တွင် ပဲစင်းငုံအား လွတ်လပ်စွာတင်သွင်းခြင်းကို အိန္ဒိယအစိုးရက ခွင့်ပြုပေးထားသော်လည်း ဈေးနှုန်းမြင့်တက်လာခဲ့သည်။

ယခင်နှစ်ကာလများ၌ ပဲတင်သွင်းမှုကို ခွဲတမ်းစနစ် (Quota) ဖြင့် ခွင့်ပြုခဲ့သော်လည်း သီးနှံအထွက်လျော့ကျနိုင်မည့် ခန့်မှန်းချက်များအရ ဈေးနှုန်းများတည်ငြိမ်စေရန်ရည်ရွယ်လျက် OGL လိုင်စင်ဖြင့် ပမာဏကန့်သတ်ချက်မရှိဘဲ တင်သွင်းခွင့်ပြုထားခြင်းဖြစ်သည်။ သို့ရာတွင် ဤအစီအစဉ်မှာ ပဲစင်းငုံဈေးနှုန်းများကို ကျဆင်းစေခြင်းမရှိသည့်အပြင် လက်ကားဈေးကွက်၌ ပဲနီလေးဈေးနှုန်းပါ မြင့်တက်လျက်ရှိသည်။

လက်ရှိကာလတွင် အိန္ဒိယနိုင်ငံအတွင်း အကြီးဆုံးမားဆုံး ပဲစင်းငုံလက်ကားဈေးကွက်ဖြစ်သော မဟာရဋ္ဌပြည်နယ် Latur မြို့၌ ပဲစင်းငုံဈေးနှုန်းမှာ ၁ ကွမ်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၁၀,၀၀၀ ကျော်ဖြင့် အရောင်းအဝယ်ကောင်းစွာဖြစ်လျက်ရှိသည်။ ဈေးနှုန်းများ ဆက်လက်မြင့်မားမှုကိုဖြစ်ပေါ်စေသည့် ကုန်လက်ကျန်နည်းပါးမှုအပေါ် ကုန်သည်များက ဝေဖန်ပြောဆိုလျက်ရှိသည်။ တောင်သူအများစုသည် ပဲလက်ကျန်များကို ၎င်းတို့လက်ဝယ်၌ ထိန်းသိမ်းထားပြီး ဈေးနှုန်းမြင့်တက်လာမည့်အခြေအနေကို စောင့်ဆိုင်းလျက်ရှိကြောင်း ကုန်သည်တစ်ဦးကပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့်လယ်သမားလူမှုဖူလုံရေးဦးစီးဌာနက ပဲစင်းငုံ တန်ချိန် ၄၃ သိန်း စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်မှန်းထားသော်လည်း တန်ချိန် ၃၄ ဒသမ ၂၁ သိန်းသာ ထွက်ရှိနိုင်ကြောင်း၊ သီးနှံများတွင် အစိုဓာတ်မြင့်မားမှုနှင့် မိုးကျရောက်မှုများကြောင့် တစ်ဧကအထွက်နှုန်းမှာ သိသာစွာကျဆင်းခဲ့ကြောင်း သိရသည်။

တစ်နိုင်ငံလုံး ပဲစင်းငုံစားသုံးမှုမှာ တန်ချိန် ၄၄ သိန်းမှ ၄၅ သိန်းအထိရှိသဖြင့် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပြည်ပမှတင်သွင်းနေရပြီး အစိုးရအနေဖြင့် တောင်သူများအပေါ် ထိခိုက်နစ်နာမှုမရှိစေရေးကိုရှေ့ရှုလျက် ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပမှတင်သွင်းမှုတို့ကို ဟန်ချက်ညီမျှမှုရှိစေရန် သတိပြုဆောင်ရွက်နေရသည်။ ရာမဇန်ဥပုသ်ကာလ ကျရောက်လျက်ရှိမှုနှင့်အတူ ဟိန္ဒူနှစ်သစ်ကူးပွဲတော် (Gudi Padva) ကာလသည်လည်း မကြာမီရောက်ရှိတော့မည်ဖြစ်ရာ ပဲမျိုးစုံဝယ်လိုအားမှာ မြင့်မားလျက်ရှိသည်။

ပဲစင်းငုံကို အာဖရိကနှင့်မြန်မာနိုင်ငံမှ တင်သွင်းမှုများစွာရှိသော်လည်း ဈေးနှုန်းများ မြင့်မားနေဖွယ်ရှိကြောင်း၊ တင်သွင်းမှုလုပ်ငန်းစဉ်များကို စတင်လုပ်ဆောင်ခဲ့ပြီးဖြစ်သော်လည်း လမ်းခုလတ်ကုန်စည်များ အပြည့်အဝ ဝင်ရောက်ရန် အချိန်ကြာမြင့်မှုရှိကြောင်း၊ လာမည့် မုတ်သုံရာသီ၏အခြေအနေကို ရှင်းလင်းသေချာစွာ သိရှိနိုင်မည့်အချိန်တိုင်အောင် လက်ရှိအမြင့်ဈေးမှာ ဆက်လက်ဖြစ်ပေါ်မည်ဟု ယူဆရကြောင်း၊ ခြုံငုံသုံးသပ်ရပါက ပဲစင်းငုံဈေးမှာ လအတန်ကြာ ဆက်လက်မြင့်မားလျက် ဇွန်လနောက်ပိုင်းမှသာ ဈေးနှုန်းတည်ငြိမ်လာမည်ဟုဆိုနိုင်ကြောင်း ကုန်သည်များက ပြောဆိုခဲ့ကြသည်။

**Source: Indian Express, 31 Mar 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/19041

## ဆက်တိုက်ဈေးမြင့်တက်လာတဲ့ မတ်ပဲ

မတ်ပဲက ပြီးခဲ့တဲ့ တစ်ပတ်တာလုံး ဈေးဆက်တိုက်မြင့်တက်လာခဲ့ပါတယ်။ ပိတ်ရက်နားနီးတဲ့အတွက် အဝယ်တွေ သွက်လာသလို ငွေလဲလှယ်နှုန်း ဈေးမြင့်တက်လာတာကြောင့်လည်းဖြစ်တယ်လို့ ကုန်သည်တွေကဆိုပါတယ်။

အိန္ဒိယနိုင်ငံတွင်းမှာလည်း မတ်ပဲဈေးက မြင့်တက်နေပေမဲ့ အိန္ဒိယနိုင်ငံ ရဲ့ ရွေးကောက်ပွဲ မကြာခင်စတော့မှာဖြစ်လို့ ပဲဈေးကျဆင်းဖို့အတွက် အိန္ဒိယအစိုးရအဖက်ဖက်ကနေ အရေးယူတာမျိုး အခြားနိုင်ငံတကာကနေ ပဲတင်သွင်းတာမျိုး တောင်သူတွေဆီကနေ ပဲကို သတ်မှတ်ဈေးထက် ကျော်လွန်ဝယ်ယူတာမျိုးတွေ လုပ်ဆောင်နေတာဖြစ်တဲ့အတွက် အိန္ဒိယကို အဓိကထားတင်ပို့နေတဲ့ မတ်ပဲကတော့ အများကြီးတက်နိုင်ခြေ မရှိလောက်ဘူးလို့ သုံးသပ်ထားပါတယ်။

လက်ရှိ ရန်ကုန်စျေးကွက်မှာ မတ်ပဲ (FAQ/RC)က တစ်တန်ကို ၃၁၈၃၀၀၀ ပေါက်စျေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ ယှဉ်ရင် တစ်တန်ကို ၁ သိန်းခွဲနီးပါး ပြန်မြင့်တက်လာပါတယ်။ (SQ/RC)ကတော့ တစ်တန်ကို ၃,၄၄၃,၀၀၀ ပေါက်စျေးရှိပြီး တစ်တန်ကို ၁၆၀,၀၀၀ ကျပ် စျေးတက်လာပါတယ်။ မတ်ပဲ Raw ကတော့ တစ်ပိဿာကို ၅၁၀၅ မှ ၅၁၄၅ ပေါက်စျေးရှိပြီး တစ်ပိဿာကို ၆၅၀ ကျပ် စျေးတက်လာပါတယ်။ နှစ်ပတ်အတွင်း မတ်ပဲတစ်တန်ကို ငွေကျပ် ၂ သိန်းခွဲကနေ ၃ သိန်းနီးပါး စျေးမြင့်တက်လာခဲ့ပါတယ်။

**သိန်း ၄၀ ထိ စျေးပြန်မြင့်တက်လာတဲ့ ပဲစင်းငုံ**

ပဲစင်းငုံနီကတော့ ၃ ပတ်ဆက်တိုက် စျေးမြင့်တက်လာခဲ့ပြီး ဒီတစ်ပတ်မှာတော့ သိန်း ၄၀ အထိ စျေးပြန်ရောက်ရှိလာခဲ့ပါတယ်။ မတ်ပဲစျေးနည်းတူ ပြန်လည်မြင့်တက်လာပေမဲ့ နယ်စျေးကွက်တွေမှာတော့ အရောင်းအဝယ်သိပ်မရှိဘူးလို့ ကုန်သည်တွေကဆိုပါတယ်။ အတက်စျေးနဲ့ထုတ်ရောင်းတာတွေရှိပေမဲ့ လက်ကျန်နည်းလို့ အများကြီးမရှိဘူးလို့ သိရပါတယ်။

ပဲစင်းငုံနီက ပြည်တွင်းစျေးကွက်မှာလည်း မြင့်တက်နေသလို အိန္ဒိယချန်နိုင်းစျေးကွက်မှာလည်း မြင့်တက်ပါတယ်။ မြန်မာ ပဲစင်းငုံတစ်တန်ကို ၁၀,၅၂၅ ရူပီးပေါက်စျေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၄၂၅ ရူပီးလောက် စျေးမြင့်တက်လာပါတယ်။

ဒီတစ်ပတ် ရန်ကုန်စျေးကွက်မှာ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၃,၉၉၀,၀၀၀ ကျပ် ပေါက်စျေးရှိနေပြီး ပြီးခဲ့တဲ့အပတ် နဲ့ ယှဉ်ရင် တစ်တန်ကို ၁၉၀,၀၀၀ ကျပ် စျေးတက်လာပါတယ်။ ၂ ပတ်အတွင်း ငွေကျပ် ၅ သိန်းနီးပါး စျေးပြန်မြင့်တက်လာခဲ့ပါတယ်။

**စျေးပြန်မြင့်တက်လာတဲ့ ကုလားပဲ**

ပြီးခဲ့တဲ့အပတ်ကအထိ စျေးကျဆင်းနေတဲ့ ကုလားပဲက ဒီတစ်ပတ်မှာတော့ စျေးပြန်မြင့်တက်လာပါတယ်။ ပွဲတော်ကာလ ပိတ်ရက်ရှည်အတွက် ဝယ်ယူသိုလှောင်တာတွေကြောင့် ဝယ်လိုအားပေါ်လိုက်ပြီး အရောင်းအဝယ်ကောင်းနေ တယ်လို့ သိရပါတယ်။

စျေးမြင့်တက်နေတာကတော့ ယာယီဖြစ်နိုင်ပြီး ပိတ်ရက်ကာလကြောင့်ဖြစ်တယ်လို့ ကုန်သည်အချို့က ခန့်မှန်းထားပါတယ်။ စျေးကွက်ထဲအသစ်တွေလည်း အဝင်ရှိနေတာဖြစ်လို့ စျေးကအများကြီးမတက်နိုင်ဘဲ ပြန်ကျဆင်းနိုင်တယ်လို့လည်း သုံးသပ်ထားပါတယ်။

မန္တလေးစျေးကွက်မှာတော့ ကုလားပဲ v2 က တစ်အိတ်ကို ၂၄၅,၀၀၀ ကျပ်ရှိပြီး တစ်အိတ်ကို ၃၀၀၀ ကျပ်၊ ကုလားပဲ ၉၂၉က တစ်အိတ်ကို ၂၃၇,၀၀၀ ကျပ်ရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်၊ ကုလားပဲ(ထိုင်ဝမ်) က တစ်အိတ်ကို ၂၃၀,၀၀၀ ကျပ် ရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်၊ ကုလားပဲ v7 ကတော့ တစ်အိတ်ကို ၂၅၀,၀၀၀ မှ ၂၅၂,၀၀၀ ကျပ်ရှိပြီး တစ်အိတ်ကို ၄၀၀၀ ကျပ် အသီးသီးစျေး မြင့်တက်လာပါတယ်။

**စျေးဆက်တိုက်ကျဆင်းနေတဲ့ ငရုတ်**

ငရုတ်ကတော့ ပြည်ပတင်ပို့မှုလည်းမရှိသေးတဲ့အပြင် ပြည်တွင်းမှာလည်း ရောင်းအားလျော့နည်းတဲ့အတွက် စျေးတွေက ဆက်တိုက်ကျဆင်းပါတယ်။ ငရုတ်အသစ်တွေကလည်း နယ်စုံကနေ အဝင်ရှိနေတယ်လို့သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်စျေးကွက်မှာ ငရုတ်ဆင်ဖြူကျွန်းက တစ်ပိဿာကို ၉၀၀၀ မှ ၉၅၀၀ ပေါက်စျေးရှိပြီး တစ်ပိဿာကို ၅၀၀ ကျပ်လောက် စျေးကျဆင်းသွားပါတယ်။ ငရုတ်ပန်းရဲကတော့ ၄၈၀၀ မှ ၅၂၀၀ ကျပ်ရှိပြီး တစ်ပိဿာကို ၆၀၀ ကျပ်၊ ငရုတ်မြားနီကတော့ တစ်ပိဿာကို ၄၈၀၀ မှ ၅၂၀၀ ကြားပေါက်စျေးရှိပြီး တစ်ပိဿာကို ၂၀၀ ကျပ် အသီးသီး စျေးကျဆင်းသွားပါတယ်။

**Source: (AMIA)**

**Myanma Awba Group**

# STOCK EXCHANGE (9.4.2024)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 9th Apr. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,711 (Shares) | 3,793,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +400 | +4.82% | 8,500 | 8,700 | 8,500 | 105 | 903,600 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 52 | 150,700 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 734 | 1,101,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 102 | 265,200 | 12,823,224 | 33,340 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 244 | 422,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 1 | 4,600 | 10,497,598 | 48,289 |
| MAEX | 00008 | 2,000 | -50 | -2.44% | 2,000 | 2,000 | 2,000 | 473 | 946,000 | 23,804,946 | 47,610 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 9th Apr. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.78 | +7.95 | +2.22% | 358.20 | 366.78 | 358.20 | 1,711 | 3,793,100 | 8 | 691,813 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 9th Apr. 2024

| Trading Volume | Trading Value |
|---|---|
| 1,711 (Shares) | 3,793,100 (MMK) |

### Main Board

As of 1:00 pm, 9th Apr. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,711 (Shares) | 3,793,100 (MMK) |

| MYANPIX | 366.78 ▲ 7.95 |
|---|---|
| Total Volume (shares) | 1,711 |
| Total Value (MMK) | 4 mil |
| Listed Company | 8 |
| Market Cap. (MMK) | 691,813 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 400 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 2,000 | ▼ 50 |